ICRC

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ။



Photo: ICRC

မြန်မာနိုင်ငံ

# မြန်မာနိုင်ငံအတွင်း အိုင်စီအာရ်စီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် မြန်မာနိုင်ငံတွင် တည်ရှိခဲ့သည်မှာ နှစ်ပေါင်း ၄၀ ရှိပြီဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခ၊ အခြားသောအကြမ်းဖက်မှုအခြေအနေများနှင့် သဘာဝဘေးများကြောင့် ထိခိုက်ခံစားခဲ့ရသူများကို ထောက်ပံ့ကူညီရန် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ဂျီနီဗာသဘောတူညီချက်များမှ အခြေတည်ပေါက်ဖွားလာသည့် အိုင်စီအာရ်စီ၏လုပ်ငန်းတာဝန်သည် ဘက်လိုက်မှုကင်း၍ ကြားနေပြီး ခွဲခြားမှုမရှိဘဲ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းကို လမ်းညွှန်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတစ်ဝန်းရှိ လူပေါင်း ၁၂၀,၀၀၀ ထံသို့ ရောက်ရှိခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် ရုတ်တရက်ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေများကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာလူထုနှင့်အတူ လုပ်ငန်းဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အခြား ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုအဖွဲ့ဝင်များ၊ ဒေသတွင်းမိတ်ဖက်များနှင့်အတူတွဲဖက်ကာ အိုင်စီအာရ်စီသည် အရေးပေါ်နှင့် ရေရှည်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ကို ပံ့ပိုးခဲ့ပါသည်။ ဤတွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများအား ထောက်ပံ့ကူညီခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအား ပံ့ပိုးခြင်း၊ ရေ၊ မိလ္လာနှင့် နေထိုင်ရန်အမိုးအကာများရရှိမှု၊ ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာအထောက်အပံ့၊ အကာအကွယ်ပေးရေး ဆိုင်ရာ ဝန်ဆောင်မှုများ၊ မိသားစုအဆက်အသွယ်များ ပြန်လည်ရရှိစေရေးနှင့် ပေါက်ကွဲမှုဘေးဆိုင်ရာအန္တရာယ် အသိပညာပေးအပ်ခြင်းများ ပါဝင်ပါသည်။

ဤစာစောင်တွင် မြန်မာနိုင်ငံအတွင်း ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်းဆောင်ရွက်ခဲ့သည့် အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၏ အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။ ၎င်းသည် ပထမနှစ်ဝက် အတွင်း ပေးအပ်ခဲ့သော အထောက်အပံ့ပမာဏနှင့် နယ်ပယ်တို့အပြင် အကူအညီလိုအပ်နေသူများ မည်သည့်နေရာ၊ မည်သည့်အခြေအနေတွင်ရှိနေပါစေ ၎င်းတို့အား ထောက်ပံ့ကူညီသွားရန်ဟူသည့် အိုင်စီအာရ်စီက ဆက်လက်ထားရှိသည့် သန္နိဋ္ဌာန်ကိုလည်း ထင်ဟပ်ပြသလျက်ရှိပါသည်။

ပြန်ကြားဆက်သွယ်ရေးဆိုင်ရာရည်ရွယ်ချက်များအရ ကိန်းဂဏန်းများကို အနီးစပ်ဆုံး လုံးပြည့်ဂဏန်းများသို့ ပြောင်းလဲထားပြီး လုပ်ငန်းများ၏ အနီးစပ်ဆုံးခန့်မှန်းညွှန်းကိန်းပမာဏကို ဖော်ပြထားပါသည်။ မတူညီသော စီမံချက်များဖြင့် ကွဲပြားသောအထောက်အပံ့များကိုပံ့ပိုးခဲ့သောကြောင့် လူတစ်ဦးသည် တစ်မျိုးထက်ပိုသော အထောက်အပံ့အကူအညီကို ရရှိနိုင်ပါသည်။

## ပြည်လည်ထူထောင်ရေးအား အထောက်အပံ့ဖြစ်စေသည့် စီးပွားရေးဆိုင်ရာ အထောက်အပံ့များ

လူပေါင်း
**၅၃,၀၀၀ နီးပါး**အား

၎င်းတို့၏
အစားအစာထုတ်လုပ်မှုကို
ပြန်လည်ထိန်းသိမ်းနိုင်ရန်
မျိုးစေ့များ၊ စိုက်ပျိုးရေးသုံး
ပစ္စည်းကိရိယာများနှင့် သဘာဝ
မြေသြဇာများကို ပံ့ပိုးခဲ့ပါသည်။

လူပေါင်း
**၁၃,၀၀၀ ကျော်**သည်

၎င်းတို့၏ နေထိုင်မှုအခြေအနေများ
ပိုမိုကောင်းစေရေးအတွက်
မရှိမဖြစ်အရေးကြီးသည့်
အိမ်သုံးပစ္စည်းများဖြစ်သည့် စောင်များ၊
ခြင်ထောင်များနှင့် သန့်ရှင်းရေးဆိုင်ရာ
ပစ္စည်းအစုံတို့ကို ရရှိခဲ့ပါသည်။

## လူပေါင်း ၅,၀၀၀ နီးပါးသည်

၎င်းတို့၏ နေ့စဉ်
လိုအပ်ချက်များအတွက်
အထောက်အပံ့ကို ရရှိခဲ့ပါသည်။

## လူပေါင်း ၁၂,၀၀၀ နီးပါးသည်

အရေးပေါ်စားနပ်ရိက္ခာ
ခွဲတမ်းများအားဖြင့် ၎င်းတို့၏ အစားအစာ
စားသုံးနိုင်မှု တိုးတက်ခဲ့ပါသည်။

## အိမ်မွေးတိရစ္ဆာန် အိမ်ထောင်စု ၂၀,၀၀၀ ကျော်သည် အိုင်စီအာရ်စီက

ပံ့ပိုးကူညီထားသည့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ဆောင်ရွက်သည့်
တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ရှားများအားဖြင့် ၎င်းတို့၏ တိရစ္ဆာန်များကို
ရောဂါဘယဘေးမှ ကာကွယ်နိုင်ခဲ့ပါသည်။

ကျွန်မတို့ လယ်စိုက်တာကို ရပ်ထားရတာ
သုံးနှစ်ရှိပါပြီ။ အခုမှ လုပ်ငန်းပြန်စနိုင်တာပါ။
လက်ရှိအခြေအနေနဲ့က ကိုယ့်ဘာသာဆို
ဒီလိုအရည်အသွေးကောင်းတဲ့
မျိုးစေ့တွေရရှိနိုင်ဖို့က မဖြစ်နိုင်ပါဘူး။
အိုင်စီအာရ်စီက အခုလို ထောက်ပံ့ပေးတော့
ကျွန်မတို့မှာပိနေတဲ့ ဝန်တစ်ဝက်လောက်
သက်သာသွားပါတယ်။

-ဒေါ်မြင့်မြင့်ချို
မန္တလေးမှ တောင်သူတစ်ဦး။



Photo: ICRC

## ရေ၊ နေထိုင်ရန်အမိုးအကာနှင့် အခြေခံအဆောက်အအုံဆိုင်ရာအထောက်အပံ့

**လူပေါင်း**
**၆၇,၀၀၀ နီးပါး**

သည် ဘေးကင်းသည့် သောက်သုံးရေရရှိမှု ပိုမိုကောင်းမွန်လာခြင်းကြောင့် အကျိုးဖြစ်ထွန်းခဲ့ပါသည်။

**လူပေါင်း**
**၁၁,၀၀၀ နီးပါး**

သည် လုံခြုံပြီး ဂုဏ်သိက္ခာရှိသည့် နေထိုင်မှုအခြေအနေများ ရရှိကြောင်း သေချာစေသည့် အမိုးအကာဆိုင်ရာ အထောက်အပံ့ကို ရရှိခဲ့ပါသည်။

ဆေးရုံများ၊ ဆေးပေးခန်းများနှင့် ကိုယ်ကာယပြန်လည်သန်စွမ်းရေး ဌာနများအပါအဝင်

**အဆောက်အအုံ**
**၁၄ လုံး**သည်

အားကိုးအားထားပြုနိုင်သည့် စွမ်းအင်နှင့် ရေပေးဝေမှုစနစ်ရှိကြောင်း သေချာစေရန် ၎င်း၏ အခြေခံအဆောက်အအုံများကို ပြုပြင်ပြင်ဆင်ပေးခဲ့ပါသည်။

## ကျန်းမာရေးဆိုင်ရာအထောက်အပံ့

**ကျန်းမာရေးဝန်ကြီးဌာန၏**
**အဆောက်အအုံ ၂၀**

ကို မရှိမဖြစ်အရေးကြီးသည့် ဆေးပစ္စည်းနှင့် ဆေးဝါးများ ပံ့ပိုးခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးခဲ့ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန၏**
**ဝန်ထမ်း**
**၂၁၅ ဦး**သည်

လုပ်ကိုင်နိုင်စွမ်းမြှင့်တင်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများအားဖြင့် ၎င်းတို့၏ အရေးပေါ် တုံ့ပြန်နိုင်စွမ်းများ ပိုမိုအားကောင်းလာပါသည်။

**လူပေါင်း**
**၅,၀၀၀ နီးပါး**သည်

အိုင်စီအာရ်စီက ပံ့ပိုးကူညီထားသည့် ဆေးဘက်ဆိုင်ရာ အဖွဲ့များအားဖြင့် အရေးပေါ် ပြုစုစောင့်ရှောက်မှုများ လက်ခံရရှိခဲ့ပါသည်။

**လူနာ ၁၀,၀၀၀ နီးပါး**သည် ဆေးရုံတွင် စောင့်ရှောက်မှုခံယူနိုင်ရန် အရေးပေါ် ဆေးဘက်ဆိုင်ရာပို့ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းများအားဖြင့် အကျိုးဖြစ်ထွန်းခဲ့ပါသည်။

ကျွန်မရဲ့ ရပ်ရွာလူထုကို ကူညီချင်ပါတယ်။ ကျွန်မတို့ဒေသက ဆေးရုံ၊ ဆေးခန်းတွေနဲ့ ဝေးတဲ့နေရာမှာ ရှိတာဆိုတော့၊ ထိခိုက်ဒဏ်ရာရသူတွေနဲ့ ဖျားနာနေသူတွေကို ဆေးရုံ၊ ဆေးခန်းမရောက်မီ ပြုစုစောင့်ရှောက်မှုတွေပေးအပ်နိုင်မယ့် သေသေချာချာလေ့ကျင့်သင်တန်းပေးထားတဲ့သူတွေ လိုအပ်ပါတယ်။ အိုင်စီအာရ်စီကပံ့ပိုးပေးတဲ့ အခြေခံသင်တန်းကို တက်ရောက်ပြီးတဲ့နောက်မှာတော့ မတော်တဆဖြစ်တာတွေနဲ့ အရေးပေါ်အခြေအနေတွေ့ကြုံလာတဲ့အခါ ကူညီပေးနိုင်ခဲ့ပါတယ်။ အခုလို အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို တက်ရောက်ခဲ့ရတော့ ကျွန်မရဲ့ လုပ်ကိုင်နိုင်စွမ်းကို ပိုပြီးအားကောင်းလာအောင် မြှင့်တင်နိုင်ခဲ့ပါတယ်။ လာမယ့်အနာဂတ်မှာလည်း အိုင်စီအာရ်စီကနေ သင်တန်းတွေ ပိုပြီးရရှိသွားနိုင်ဖို့ မျှော်လင့်ပါတယ်။

-တောင်ကြီးက ကနဦးတုံ့ပြန်ကူညီသူတစ်ဦး


Photo: ICRC

ပဋိပက္ခကြောင့် ထိခိုက်ခဲ့သည့်

**လူပေါင်း**

**၆၀၀ နီးပါး**သည်

၎င်းတို့၏ ဆေးကုသမှု
သီးသန့်အတွက် အထောက်အပံ့ကို
ရရှိခဲ့ပါသည်။

အိုင်စီအာရ်စီနှင့် မြန်မာနိုင်ငံ
ကြက်ခြေနီအသင်းက ပို့ချသည့်
ရှေးဦးပြုစုခြင်းနှင့် ဆေးရုံမတိုင်မီ
အရေးပေါ် စောင့်ရှောက်မှုပေးခြင်း
သင်တန်းတွင်

**ရပ်ရွာလူထုအဖွဲ့ဝင်**

**၆၀၀ ကျော်**အား

လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။

## ကိုယ်ကာယပြန်လည်သန်စွမ်းရေး

ပေါက်ကွဲမှုဘေးမှ အသက်ရှင် လွတ်မြောက်လာသူများ အပါအဝင်

**မသန်စွမ်းသူ ၂,၇၀၀ နီးပါး**သည် အိုင်စီအာရ်စီက ပံ့ပိုးကူညီထားသည့်
ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနများတွင် ကိုယ်ကာယပြန်လည်
သန်စွမ်းရေးဝန်ဆောင်မှုများ ရရှိခဲ့ပါသည်။

ဝေးလံပြီး ရောက်ရှိရန်ခက်ခဲသည့်
ဒေသများတွင်နေထိုင်လျက်ရှိသည့်

**မသန်စွမ်းသူပေါင်း**

**၄၃၀ နီးပါး**သည်

ရွေ့လျားခြေတုပြုပြင်ခြင်း
ခရီးစဉ်များအားဖြင့်
ဝန်ဆောင်မှုများ ရရှိခဲ့ပါသည်။

လူနာများ၏ လှုပ်ရှားသွားလာမှု
ပြန်လည်ကောင်းမွန်လာစေရန်

**အထောက်အကူပြုကိရိယာ**

(ခြေတုလက်တုနှင့် အားပြုကိရိယာ)

**၁,၃၀၀ နီးပါး** ထုတ်လုပ်ပြီး
ပေးအပ်ခဲ့ပါသည်။

မသန်စွမ်းသူများနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်ထားသည့် အားကစား၊ ပညာသင်စရိတ်ပံ့ပိုးခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်း ပံ့ပိုးခြင်းအပါအဝင် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပါဝင်နိုင်ရန် ထောက်ကူပေးသည့် ကနဦးပံ့ပိုးမှုများအားဖြင့် **လူပေါင်း ၃၆၀ နီးပါး**၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးခဲ့ပါသည်။

## စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှု

**ကျန်းမာရေးလုပ်သား ၃၀ နီးပါး**သည် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများအပေါ် ထောက်ပံ့နိုင်စွမ်း ပိုမိုအားကောင်းလာစေရန် ပုံဖော်ရေးဆွဲထားသည့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးမှုများ ပေးအပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်သင်တန်းများတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာ အထောက်အပံ့ကို ရရှိခဲ့သည့် **လူပေါင်း ၁၀၀ ကျော်**သည် ပေါင်းစပ်ပါဝင် ထည့်သွင်းထားသည့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများအားဖြင့် အကျိုးဖြစ်ထွန်းခဲ့ပါသည်။

ကနဦးတုံ့ပြန်ကူညီသူများနှင့် ရပ်ရွာခေါင်းဆောင်များအပါအဝင် **လူပေါင်း ၁၂ ဦး**သည် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိခဲ့ပါသည်။

# မိသားစုအဆက်အသွယ်များ ပြန်လည်ရရှိစေရေး

အကျဉ်းထောင်များမှ
ပြန်လည်လွတ်မြောက်လာသူ

**လူပေါင်း**

**၄,၂၀၀ ကျော်**အား

၎င်းတို့၏ နေအိမ်သို့ ဂုဏ်သိက္ခာရှိရှိ
ပြန်နိုင်စေရန် ပံ့ပိုးကူညီခဲ့ပါသည်။

**လူပေါင်း**

**၈၂ ဦး**၏

မိသားစုများအား ၎င်းတို့ချစ်ခင်ရသူများ
ဘယ်ဆီဘယ်ဝယ်တွင်
ရောက်ရှိနေကြောင်း သိရှိနိုင်ရန်
ကူညီခဲ့ပါသည်။

**မိသားစုပေါင်း**

**၂,၀၀၀ နီးပါး**သည်

အကျဉ်းထောင်တွင်းရှိ
၎င်းတို့ချစ်ခင်ရသူများထံသို့
သွားရောက်တွေ့ဆုံရန်
အထောက်အပံ့များ ရရှိခဲ့ပါသည်။

မိသားစုသတင်းစကားများပါဝင်သည့်

**ကြက်ခြေနီအကြောင်းကြားစာ**

**၃,၀၀၀ နီးပါး**အား

ကွဲကွာနေသည့် မိသားစုဝင်များအကြား
အပြန်အလှန်ပေးပို့ ဖလှယ်ခဲ့ပါသည်။



Photo: ICRC

အကျဉ်းကျတာ ၄ နှစ်လောက်ဆိုတော့
ကျွန်မမိဘတွေနဲ့ အဆက်အသွယ်ပြတ်သွား
ပါတယ်။ ကျွန်မဖေဖေ့ကို ပြန်တွေ့ချင်တာပါ။
အိုင်စီအာရ်စီရဲ့ မိမိနေအိမ်သို့ ဘေးကင်းစွာ
ပြန်လည်ရောက်ရှိရေးအစီအစဉ်ရဲ့
ပံ့ပိုးမှုသာ မရခဲ့ဘူးဆိုရင် အိမ်ကို
ဘယ်လိုပြန်ရမလဲတောင် မသိပါဘူး။
အခုတော့ ကျွန်မရဲ့ဆန္ဒတွေ
တကယ်ဖြစ်လာပါပြီ။

-မဇွန်*၊
အကျဉ်းထောင်မှ လောလောလတ်လတ်
ပြန်လည်လွတ်မြောက်လာသူ
(မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ခြင်း
မရှိစေရန် အမည်လွှဲပြောင်းထားပါသည်။)

## ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်ခြင်း

### ကြက်ခြေနီစေတနာလုပ်အားရှင်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဝန်ထမ်း ၆၀၀ နီးပါးသည်

အိုင်စီအာရ်စီက ပံ့ပိုးကူညီခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဦးစီးကျင်းပခဲ့သည့် **အန္တရာယ်ကင်းစွာ သွားရောက်လုပ်ကိုင်ခြင်းဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးသင်တန်း ၂၉** ခုတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

### ကြက်ခြေနီစေတနာ လုပ်အားရှင် ၈၅၀ နီးပါးသည်

အိုင်စီအာရ်စီက ပံ့ပိုးကူညီခဲ့သည့် **ရှေးဦးပြုစုခြင်းနှင့် အခြား လေ့ကျင့်သင်တန်း ၂၆** ခုတွင် ပါဝင်တက်ရောက် ခဲ့ပါသည်။

### မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လူနာတင်ယာဉ် ၅ စီးအား

အရေးပေါ်တုံ့ပြန်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် ပြုပြင်ထိန်းသိမ်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ ထောက်ပံ့ကူညီခဲ့ပါသည်။

# အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအား အများသိရှိလာစေရန် ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်သွယ် ဆောင်ရွက်ခြင်း

လက်နက်ကိုင်များ၊ တာဝန်ရှိသူများနှင့် ရပ်ရွာခေါင်းဆောင်များအပါအဝင်

**အဓိကထိတွေ့ဆက်သွယ်ဆောင်ရွက်သူ ၃၀၅ ဦး**သည်

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာ ထောက်ထားမှုဥပဒေ (အိုင်အိတ်ချ်အယ်လ်)ဆိုင်ရာ အသိပညာဖြန့်ဖြူးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ၂၀ တွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

ပညာရေး၊ ဥပဒေရေးရာ (အရပ်ဘက်လူမှုအဖွဲ့အစည်းများ)နှင့် ဘာသာရေးဆိုင်ရာ နယ်ပယ်တို့မှအပါအဝင် **လူပုဂ္ဂိုလ်ပေါင်း ၄၄ ဦး**သည်

လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးဥပဒေဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးသည့်ပွဲများတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

**လူပုဂ္ဂိုလ်ပေါင်း ၄,၀၀၀ ကျော်**သည်

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို လက်ခံလာစေရန် ထောက်ကူပေးလျက်ရှိသည့် ကြက်ခြေနီ၏ လုပ်ငန်းတာဝန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများကို ပိုမိုသိရှိနားလည်လာစေရန်

ဆောင်ရွက်သည့် **လူထုပညာပေးပွဲ ၇၉ ပွဲ**တွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။

## ပေါက်ကွဲမှုအန္တရာယ်အသိပညာနှင့် ဘေးကင်းစေရေးအမူအကျင့်များအား မြှင့်တင်ခြင်း

**လူပေါင်း**
**၂၈,၀၀၀ နီးပါး**သည်
အိုင်စီအာရ်စီနှင့်
လေ့ကျင့်သင်တန်းပေးထားသည့်
မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်
ရပ်ရွာလူထုစေတနာ
လုပ်အားရှင်တို့က ပို့ချသည့်
**ပေါက်ကွဲမှုအန္တရာယ်**
**အသိပညာပေးပွဲပေါင်း**
**၇၅၈ ပွဲ**အားဖြင့်
ဘေးအန္တရာယ်ကို
ခွဲခြားသိရှိပြီး ရှောင်ကြဉ်နိုင်ရန်
လေ့လာသင်ယူခဲ့ပါသည်။

ပေါက်ကွဲစေတတ်သည့် စစ်လက်နက်
အကြွင်းအကျန်များကြောင့်
ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်
အသိပညာကို မြှင့်တင်ရန်
**အန္တရာယ်အသိပညာပေး**
**ပိုစတာကြီး ၁၁ ခု**ကို
စိုက်ထူခဲ့ပြီး **လူထုအသိပညာပေးပွဲ**
**၂၇ ပွဲ**
ဆောင်ရွက်ခဲ့ပါသည်။

အန္တရာယ်အသိပညာပေးနှင့် ဘေးကင်းစေရေးအမူအကျင့်များဆိုင်ရာ
သတင်းစကားများပါဝင်သည့် **အသိပညာပေးစာစောင်**
**၁၄,၀၀၀ နီးပါး**ကို ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများထံသို့ ပေးဝေခဲ့ပါသည်။

ဒေသတွင်းတုံ့ပြန်ဆောင်ရွက်နိုင်စွမ်း ပိုမိုအားကောင်းလာစေရန် **ကြက်ခြေနီ**
**စေတနာလုပ်အားရှင် ၅၄ ဦး**နှင့် **ရပ်ရွာလူထုစေတနာလုပ်အားရှင်**
**၅၃ ဦး**တို့ကို ဘေးအန္တရာယ်အသိပညာနှင့် ပိုမိုဘေးကင်းစေရေးအမူအကျင့်များဆိုင်ရာ
လေ့ကျင့်သင်တန်းပေးသူများအဖြစ်ဆောင်ရွက်နိုင်ရန် အိုင်စီအာရ်စီက
လေ့ကျင့်သင်တန်းပေးပြီး အသိအမှတ်ပြုခဲ့ပါသည်။

www.icrc.org
facebook.com/ICRCmm
x.com/icrc
instagram.com/icrc

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ**
၂(ဂ)-၅၊ ကမ္ဘာအေးဘုရားလမ်းလမ်း၊ ရှစ်မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း - +၉၅ ၉ ၇၇ ၆၆၆ ၂၅၅၅
ဖက်(စ်) - +၉၅ ၁ ၆၅၀ ၁၁၇
E yan_yangon@icrc.org
© ICRC, June 2026

ICRC

**အိုင်စီအာရ်စီအား ဆက်သွယ်ရန်-**
အိုင်စီအာရ်စီလူမှုအခြေပြုဆက်သွယ်ရေးဌာန (CCC) -
၀၉ ၇၇ ၆၆၆ ၂၅၅၅

0000/300 06.2026 Cover photo: ICRC